# အာဆီယံနှင့် မြန်မာပြည်နိုင်ငံရေး

သက်ထွန်း

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး ပြီးဆုံးသွားခဲ့ပြီဖြစ်ပေမယ့် မြန်မာနိုင်ငံရဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအတွက် အထောက်အကူဖြစ်စေမယ့် ဆုံးဖြတ်ချက်သဘောထားမျိုး ဘာတခုမှ ချမှတ်ဆုံးဖြတ်နိုင်တာ မရှိခဲ့ပါဘူး။ အာဆီယံအဖွဲ့ကို ကိုယ်စားပြုလှုပ်ရှားနေကြသူတွေ ဟာ ဆင်ဖမ်းမယ် ကျားဖမ်းမယ် ဘယ်လိုပဲပြောခဲ့ဆိုခဲ့ကြသည်ဖြစ်စေ နဖူးတွေ့ဒူးတွေ့အချိန်မှာ လက်တွေ့အဖြေကတော့ အာဆီယံနိုင်ငံတွေကြားက နိုင်ငံရေးကျားကွက်ရွှေ့ပွဲမှာ နအဖစစ်အစိုးရ က တကွက်အသာ ရသွားခဲ့ပြန်ပါပြီ။

ဘာကြောင့်ဒီလိုဖြစ်ခဲ့ရတာလဲဆိုတာ ပြန်လည်သုံးသပ်ကြည့်တဲ့အခါ အာဆီယံအဖွဲ့ဝင်နိုင်ငံ တွေက ခေါင်းဆောင်တွေဟာ (တချို့လည်း သဘောကွဲလွဲမှုရှိနိုင်ပါတယ်) ဒေသတွင်းတည်ငြိမ်မှု၊ တိုးတက်မှုနဲ့ လုံခြုံမှုတွေအတွက် မြန်မာ့နိုင်ငံရေးပြုပြင်ပြောင်းလဲမှုဟာ အာဆီယံအဖွဲ့အတွက် မရှိ မဖြစ် လိုအပ်ချက်တခုဆိုတာကို လက်ခံစဉ်းစားခြင်းမပြုတဲ့အတွက်ကြောင့်ပါပဲ။

ဒါ့အပြင် မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဆာယက်ဟာမစ်အယ်လ်ဘာပြောခဲ့တဲ့ မြန်မာနိုင်ငံ က အပြောင်းအလဲမလုပ်ချင်ရင် အာဆီယံအနေနဲ့ ဘာမှမတတ်နိုင်ဘူးဆိုတာ အာဆီယံရဲ့စုစည်းမှု ဟာ တနိုင်ငံနဲ့တနိုင်ငံကြား အကျိုးအမြတ်သက်သက်အပေါ်မှာတင်တည်နေပြီး အဖွဲ့ဝင်နိုင်ငံတနိုင်ငံ အနေနဲ့ ဆိုးဝါးကျပ်တည်းတဲ့အခြေအနေမျိုးမှာ မိတ်ဆွေကောင်းပီသတဲ့ ထိစပ်မှုမျိုးမဟုတ်ဘူး ဆိုတာ ထင်ရှားနေပါတယ်။ နောက်တခုက အာဆီယံရဲ့တည်ရှိမှုဟာ အဖွဲ့ဝင်နိုင်ငံတွေက ပြည်သူ တွေရဲ့အကျိုးစီးပွားနဲ့ ပြည်သူတွေရဲ့အခန်းကဏ္ဍကိုလျစ်လျူရှုပြီး အာဏာကို (ဘယ်လိုနည်းနဲ့ပဲ ရယူထားထား) ဆုပ်ကိုင်ထားတဲ့ လက်တဆုပ်စာလူတစုကိုသာ ကိုယ်စားပြုဖွဲ့စည်းထားသလို ဖြစ်နေပါပြီ။

ဘာကြောင့်ဆို မြန်မာနိုင်ငံမှာရှိတဲ့ သန်း (၅၀) သောပြည်သူတွေရဲ့ ဆန္ဒနဲ့ဘဝကို ထည့်သွင်း မစဉ်းစားတော့ဘဲ စစ်အာဏာရှင်တွေရဲ့မျက်နှာကိုသာကြည့်ပြီး ရပ်တည်နေကြတဲ့အတွက် ဒီလို စကားမျိုးကို ပြောနေတာပဲဖြစ်တယ်။ အာဆီယံခေါင်းဆောင်တွေရဲ့ (ပြည်သူလူထုကို အဓိက မထားဘဲ အစိုးရဆိုသူတွေကိုသာ အဓိကထားတဲ့) သဘောထားနဲ့ရပ်တည်ချက်ဟာ ရှက်တတ်မယ် ဆိုရင် အတော်ရှက်စရာကောင်းတဲ့လုပ်ရပ်ပါပဲ။

နောက်တခါ သူတို့က ဖိအားပေးတာမကြိုက်ဘူး၊ အကြံဉာဏ်ပဲလိုချင်တယ်ဆိုတော့ကာ ဘယ်လိုနိုင်ငံ (အစိုးရ) မျိုးက တခြားနိုင်ငံတွေရဲ့ဖိအားပေးမှုကို သဘောကျတာရှိပါသလဲ၊ ရှိခဲ့ရင် လက်ညှိုးထိုးပြစေချင်ပါတယ်။

တကယ်တော့ ပြည်သူကိုကိုယ်စားပြုတဲ့ အစိုးရဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ သူတို့ရဲ့ လုပ်ရပ်တွေ၊ ရပ်တည်ချက်တွေအပေါ် နိုင်ငံတကာရဲ့ဖိအားပေးမှု ဘာကြောင့်ဖြစ်ပေါ်စေခဲ့သလဲ ဆိုတာ ဂဃနဏ ဆင်ခြင်သုံးသပ်ဖို့လိုပါတယ်။ ကမ္ဘာ့နိုင်ငံအများစုအတွက် (သို့) ဒေသတွင်းနိုင်ငံ များအတွက် (သို့) အိမ်နီးချင်းနိုင်ငံများအတွက် တည်ငြိမ်မှု၊ တိုးတက်မှုနဲ့ ငြိမ်းချမ်းရေးတွေကို ထိခိုက်ပျက်ပြားစေမယ့် အနေအထားမျိုးကိုရောက်အောင် (နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး အစရှိ သဖြင့်) နယ်ပယ်တခုခုမှာ မှုမမှန်တဲ့အရွေ့မျိုး၊ သဘောထားမျိုးတွေကို ဖော်ဆောင်လာတဲ့အခါ အကျိုးဆက်အဖြစ် တနိုင်ငံနဲ့တနိုင်ငံ (သို့တည်းမဟုတ်) နိုင်ငံအများစုက နိုင်ငံတခုအပေါ် ဖိအားပေး တယ်ဆိုတာကို လုပ်လေ့ရှိပါတယ်။ ဘာအကြောင်းပြချက်မှမရှိဘဲ အဓိပ္ပာယ်မဲ့လုပ်ကြတဲ့ကိစ္စ မဟုတ်ပါဘူး။

ဒီတော့ကာ လက်ရှိမြန်မာနိုင်ငံရဲ့အခြေအနေဟာ အာဆီယံ (ကျန်တဲ့အာဆီယံနိုင်ငံတွေ) ရဲ့ ဂုဏ်သိက္ခာ၊ တည်ငြိမ်မှုနဲ့ တိုးတက်မှုကို မထိခိုက်ဘူးလို့ ယူဆနေကြသေးတယ်ဆိုရင်တော့ အာဆီယံရဲ့ လက်ရှိခေါင်းဆောင်တွေဟာ အတော်မှားယွင်းတဲ့ စဉ်းစားသုံးသပ်ချက်တွေကို ဆုပ်ကိုင်ထားကြပြီး စစ်အစိုးရရဲ့သရုပ်သကန်ကို အမှန်မြင်မရှိသေးဘူးလို့ ပြောရမှာပဲဖြစ်တယ်။ နအဖစစ်အစိုးရဟာ အာဆီယံမကလို့ ကုလသမဂ္ဂကပေးတဲ့ အကြံဉာဏ်ဆိုလည်း သူတို့ဖြစ်ချင်တာ၊ လုပ်ချင်တာနဲ့ အဟပ်မညီရင် ဘယ်တော့မှလိုက်လုပ်မှာ မဟုတ်ဘူး။ အာဆီယံကလည်း နိုင်ငံတကာရဲ့ အပြောလွတ်အောင် ကျနော်တို့က အကြံကောင်းဉာဏ်ကောင်းတွေပေးပါတယ်၊ သူတို့က လိုက်မလုပ်တာပါဆိုတဲ့ ဝိနည်းလွတ်အချိုးမျိုးနဲ့ရပ်တည်ဖို့ ကြိုးစားနေတယ်။

တကယ်က စစ်အစိုးရရဲ့ သဘောသဘာဝကို ရှင်းရှင်းလင်းလင်းမြင်နေပါလျက်နဲ့ ဒီကနေ့အချိန်ထိအောင် ရှေ့တိုးမဆောင်ရွက်နိုင်တာကတော့ အာဆီယံရဲ့ နိုင်ငံရေးအဖြစ်မရှိတဲ့သရုပ်ကို ဖော်ပြနေတာနဲ့ အတူတူပဲဖြစ်တယ်။ ဒါကြောင့် နအဖစစ်အစိုးရက အကြံဉာဏ်ပေးတာကိုပဲ လိုချင်တာမို့ အကြံဉာဏ်ပေးတဲ့အလုပ်ကိုပဲ လုပ်မယ်ဆိုရင်တော့ အာဆီယံအနေနဲ့ မြန်မာ့နိုင်ငံရေး ပြုပြင်ပြောင်းလဲရေးကိစ္စမှာ လုံးဝဘေးထွက်ထိုင်နေတာက ပိုကောင်းပါလိမ့်မယ်။

ပစ္စက္ခအနေအထားမှာ တိုင်းပြည်ရဲ့အကျပ်အတည်းအားလုံးကို ဖြေရှင်းပြေလည်စေနိုင်မယ့် နည်းလမ်းကို ရှောင်လွှဲလိုတာကြောင့် ဘယ်သူကမှမတောင်းဆိုလည်း သူတို့ရဲ့လမ်းပြမြေပုံဆိုတာကို နအဖစစ်အစိုးရဟာ ဆက်လုပ်မှာပဲဖြစ်တယ်။ ဒီလမ်းပြမြေပုံဆိုတာကို ဆက်လက်အကောင်အထည်ဖော်ခြင်းဟာ စစ်အစိုးရရဲ့ တိုင်းပြည်အာဏာချုပ်ကိုင်ထားမှုပုံစံ ပြောင်းလဲထားတာကလွဲလို့ (တိုင်းပြည်ရဲ့အာဏာကို စစ်တပ်ကထာဝရပိုင်ဆိုင်ထားဖို့ဆိုတဲ့ အတွင်းအနှစ်သာရဟာ လုံးဝမပြောင်းလဲပါဘူး) တိုင်းပြည်ရဲ့ တကယ့်လိုအပ်ချက်ဖြစ်တဲ့ နိုင်ငံရေးပြောင်းလဲတိုးတက်မှု မဟုတ်ပါဘူး။

ဒါကို နအဖစစ်အစိုးရရဲ့လမ်းပြမြေပုံကို ဆက်လက်လုပ်ဆောင်ဖို့ အာဆီယံဝန်ကြီးများက တောင်းဆိုတယ်ဆိုတာဟာ အာဆီယံခေါင်းဆောင်တွေကိုယ်တိုင် ကုလားကြီးနဲ့အရာကြီးဟာ ဘာလဲဆိုတာကို ကွဲကွဲပြားပြားနားမလည်တာလား၊ နားလည်ပါလျက်နဲ့ စစ်အစိုးရရဲ့ရပ်တည်ချက်ကို ပူးပေါင်းဆောင်ရွက်နေတာလားဆိုတာ သံသယဖြစ်စရာ ကောင်းလှပါတယ်။

နအဖဘက်က အာဆီယံရဲ့ အခြေခံမူတွေကိုထောက်ပြပြီး ပြည်တွင်းရေးဝင်မစွက်ဖို့ ပြောသွားတာ၊ သူတို့ဘက်ကရပ်တည်ပြီး သူတို့ရဲ့အခြေအနေကို နိုင်ငံတကာအသိုင်းအဝိုင်းကသိအောင် ပြောပြပြီး သူတို့ကိုကူညီဖို့ တောင်းဆိုတာတွေဟာ စစ်အစိုးရအနေနဲ့ အာဆီယံရဲ့ အားပျော့တဲ့အချက်နဲ့ နိုင်ငံရေးအရ ခိုင်မာမှုမရှိတာတွေကို သိလို့ပဲဖြစ်တယ်။

ဒီ့အပြင် ထိုင်းနိုင်ငံခြားရေးဝန်ကြီးပြောတဲ့ မြန်မာနိုင်ငံပြုပြင်ပြောင်းလဲသည်ကို အာဆီယံအဖွဲ့က မြင်လိုသော်လည်း မြန်မာကို အဖွဲ့မှထုတ်ပယ်ရန် အစီအစဉ်မရှိပါဆိုတဲ့စကားဟာ နအဖစစ်အစိုးရအနေနဲ့ ဘာပဲလုပ်နေလုပ်နေ အာဆီယံဘက်က ရှေ့တိုးနိုင်တဲ့စွမ်းအားမရှိဘူးဆိုတာ နိုင်ငံတကာကို ဝန်ခံလိုက်တာနဲ့ အတူတူပဲဖြစ်တယ်။ ပြီးတော့ အဖွဲ့ဝင်နိုင်ငံတခုမှာ စစ်ရေး၊ နိုင်ငံရေးပြဿနာတွေကြောင့် ဆိုးဝါးတဲ့လူမှုဒုက္ခတွေ ဘယ်လောက်ပဲကြုံတွေ့နေပါစေ အာဆီယံဟာ အားကိုးစရာတကွက်မှမရှိဘူးလို့ ပြောလိုက်တာပါပဲ။

နောက်တခါ အာဆီယံအဖွဲ့ရဲ့ အထွေထွေအတွင်းရေးမှူး အောင်ကင်ရောင်ပြောတဲ့ (နအဖစစ်အစိုးရကို ဖိအားပေးဖို့အတွက်) အကောင်းဆုံးနည်းလမ်းဟာ စီးပွားရေးအရ တွန်းအားပေးနိုင်တဲ့ တရုတ်၊ အိန္ဒိယတို့နဲ့ ပူးတွဲလုပ်ဆောင်ရမယ်ဆိုတဲ့နေရာမှာ ပူးတွဲလုပ်ဆောင်မယ်ဆိုတဲ့ ရည်ရွယ်ချက်ဟာ ကောင်းပါတယ်။ ဒါပေမယ်လို့ အာဆီယံကိုယ်တိုင်ရဲ့ ခိုင်မာတဲ့ရပ်တည်ချက်ကိုလည်း ပြသနိုင်ဖို့ လိုအပ်ပါတယ်။ တကယ်က မြန်မာ့နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအတွက် အိမ်နီးချင်းနိုင်ငံတွေဟာ အလွန်အရေးကြီးတဲ့အခန်းကဏ္ဍမှာ ရှိနေသလို အာဆီယံအဖွဲ့ကိုယ်တိုင်ဟာလည်း တူညီတဲ့အခန်းကဏ္ဍမှာရှိနေပြီး တာဝန်လည်းရှိနေပါတယ်။

ဒါကို နိုင်ငံတကာအလယ်မှာ ဓားစာခံဖြစ်နေပြီ၊ လည်ပင်းကြိုးကွင်းစွပ်တာပါတို့နဲ့ အရှုံးချီးပန်း လျှောက်ပြောနေရုံနဲ့တော့ မြန်မာ့နိုင်ငံရေးဟာ သူ့အလိုလိုပြောင်းလဲလာမှာ မဟုတ်ပါဘူး။ (ပြောင်းစေချင်ရင် ပြောင်းအောင်လုပ်ဖို့လိုပါတယ်) သေချာတာတခုကတော့ လက်ရှိအာဆီယံခေါင်းဆောင်တွေရဲ့ အဖွဲ့ဝင်နိုင်ငံတွေက ပြည်သူလူထုကို ကိုယ်စားပြုဖို့ထက် အစိုးရချင်းကိုယ်စားပြုဖို့ကိုပဲ ကြိုးစားနေတဲ့ရပ်တည်ချက်ကို ပြောင်းပြန်လှန်ပစ်လိုက်ဖို့လိုပါတယ်။ ဘာကြောင့်ဆို အာဆီယံဟာ ညီညွတ်တဲ့နိုင်ငံရေးသဘောထားတခု မချမှတ်နိုင်ဘဲ ဟိုအဖွဲ့ဝင်နိုင်ငံက ဒီလိုယူဆကြောင်း၊ ဒီအဖွဲ့ဝင်နိုင်ငံက ဟိုလိုယူဆကြောင်းနဲ့ ဘယ်လိုပဲပြောနေနေ ဘာတွန်းအားပေးမှုမျိုး၊ ဘာခိုင်တဲ့ရပ်တည်ချက်မျိုးမှ မရှိဘဲ ဖြစ်စေချင်တာသက်သက်ကို ပြောနေလို့ကတော့ နအဖစစ်အစိုးရဘက်က ပျင်းတောင်ပျင်းသေးတယ်လို့ ထုတ်မပြောရင်ဘဲ အာဆီယံအတွက် ကံကောင်းတယ်မှတ်ပါ။

မြန်မာ့နိုင်ငံရေးကို ပြုပြင်ပြောင်းလဲမှုမပြုနိုင်ခဲ့ရင် (သို့တည်းမဟုတ်) စစ်ဗိုလ်ချုပ်တွေကပဲ တိုင်းပြည်အာဏာကို ဆက်လက်ထိန်းချုပ်ကိုင်တွယ်နေခဲ့မယ်ဆိုရင် နအဖစစ်အစိုးရရဲ့အရွေ့ဟာ မကြာမီနှစ်အနည်းငယ်အတွင်းမှာ အိမ်နီးချင်းနိုင်ငံတွေ၊ ဒေသတွင်းနိုင်ငံတွေကိုသာမက ကျန်ကမ္ဘာ့နိုင်ငံအသီးသီးကိုပါ ဦးနှောက်ခြောက်စေပြီး အားလုံးရဲ့လုံခြုံရေး၊ တည်ငြိမ်ရေးနဲ့ ငြိမ်းချမ်းရေးတွေကို ခြိမ်းခြောက်ထိခိုက်စေမယ်ဆိုတာ တွေ့ကြရလိမ့်မယ်။

မြန်မာနိုင်ငံအပေါ် တရုတ်နဲ့အိန္ဒိယရဲ့ မဆင်မခြင်နဲ့ မရိုးသားတဲ့ စီးပွားရေး၊ စစ်ရေးသြဇာ ထူထောင်ထိစပ်မှုတွေနဲ့ စစ်အစိုးရရဲ့ ရုရှ၊ မြောက်ကိုရီးယားတို့နဲ့ ထဲထဲဝင်ဝင်ဆက်ဆံနေမှုတွေကြောင့် မကြာခင် အရှေ့တောင်အာရှမှာ နျူကလီးယားလက်နက်ပိုင်ဆိုင်တဲ့ နိုင်ငံတခုကို မွေးဖွားပေးလာပါလိမ့်မယ်။

အားလုံးအနေနဲ့ ရှင်းရှင်းလင်းလင်းသိထားဖို့လိုတဲ့အချက်ကတော့ မြန်မာနိုင်ငံပြည်သူတွေအတွက် အရေးတကြီးနဲ့ တကယ့်လိုအပ်ချက်ဟာ နျူကလီးယားလက်နက်ပိုင်ဆိုင်မှုနဲ့ စစ်အာဏာရှင်စနစ်အုပ်ချုပ်မှု မဟုတ်ပါဘူး။ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနဲ့ တရားဥပဒေနဲ့အညီ အုပ်ချုပ်ပြီး ပြည်သူကိုကိုယ်စားပြုမယ့် အရပ်သားအစိုးရတရပ်ပါ။

ဒီတော့ကာ အာဆီယံအဖွဲ့တခုလုံး (စစ်အစိုးရမပါ) အနေနဲ့ရော အိမ်နီးချင်းနိုင်ငံတွေဟာ ဘယ်လိုတိမ်းညွတ်မှုမျိုးကို ဆုပ်ကိုင်သင့်တယ်ဆိုတာ နားလည်သဘောပေါက်လိမ့်မယ်လို့ ထင်ပါတယ်။ ■